# ဂျပန်နိုင်ငံသည် မည်သို့သောနိုင်ငံဖြစ်သနည်း။

## တိုးတက်သည့် သိပ္ပံနည်းပညာနှင့် ရှည်လျားတဲ့ ကုန်ထုတ်လုပ်မှုသမိုင်း ရှိသည်။



သဘာဝသယံဇာတရှားပါးသည့် ဂျပန်နိုင်ငံက ကုန်ထုတ်လုပ်မှု အင်အားကောင်းသည့်နိုင်ငံတစ်နိုင်ငံအဖြစ် စီးပွားတိုးတက်လာခဲ့သည့်အကြောင်းအရင်းသည် ကောင်းမွန်သော ပညာရေးစနစ်မှ သင်ကြားပျိုးထောင်ခဲ့သည့် အတတ်ပညာနှင့် နည်းပညာကြောင့်ဖြစ်သည်။
လျှပ်စစ်မော်တော်ကား၊ ဒစ်ဂျစ်တယ်ကင်မရာ၊ optical fiber ကြိုး၊ နလုံးအတု စသည့် နောက်ဆုံးပေါ်နည်းပညာနှင့် ဆေးပညာများကို အသုံးပြုထားသည့် ပစ္စည်းများကို တီထွင်ထုတ်လုပ် နိုင်ခဲ့သည်။ ဟင်းချက်နည်းအသစ်ကို မိတ်ဆက်ပေးသလိုဖြစ်သည့် ခေါက်ဆွဲခြောက်နှင့် ကာရာအိုကေတို့မှာလည်း ဂျပန်နိုင်ငံရဲ့တီထွင်မှုများဖြစ်သည်။
ဂျပန်နိုင်ငံဟာ ဘယ်တုန်းကမှမရှိတဲ့ ကုန်ပစ္စည်းအသစ်တွေကို ကြိုးစားတီထွင်ဖန်တီး ထုတ်လုပ်နိုင်တဲ့ ကုန်ထုတ်လုပ်မှုဆိုင်ရာ သမိုင်းလည်းရှိပါတယ်။

## နေထိုင်ရလွယ်ကူသောပတ်ဝန်းကျင်၊ လုံခြုံဘေးကင်းသော အခြေခံအဆောက်အအုံ



ဂျပန်နိုင်ငံသည် ကမ္ဘာပေါ်တွင် ရာဇဝတ်မှုနည်းပါပြီး၊ နေထိုင်ရ လွယ်ကူအဆင်ပြေသောနိုင်ငံအဖြစ် လူသိများသည်။
ပစ္စည်းကျပျောက်ခဲ့သည်ရှိသော်လည်း ပြန်ရဖို့များသည်။
အများပြည်သူဆိုင်ရာ သယ်ယူပို့ဆောင်ရေးများသည်လည်း အချိန်မှန် ဆိုက်ရောက်ထွက်ခွာပြီး မိမိသွားလိုသောနေရာအထိ လုံခြုံဘေးကင်းစွာ ပို့ဆောင်ပေးသည်။
ကောင်းမွန်ပြည့်စုံစွာ ဖွဲ့စည်းတည်ဆောက်ထားသော ကျန်းမာရေးအာမခံစနစ်ကြောင့် နာမကျန်းသည့်အခါတွင်လည်း စရိတ်နည်းနည်းဖြင့် အဆင့်မြင့်သော ဆေးဝါးကုသမှုကို ရရှိနိုင်သည်။ ဂျပန်နိုင်ငံသည် အမိနိုင်ငံနှင့် ခွဲခွာနေရသောကြောင့် စိုးရိမ်ကြောင့်ကြမှုခံစားနေရမည့် နိုင်ငံတကာမှ ကျောင်းသားများအတွက် စိတ်အေးချမ်းလုံခြုံစွာ နေထိုင်နိုင်သည့် နိုင်ငံဖြစ်သည်။

## သဘာဝရေမြေတောတောင် ပေါကြွယ်ဝမှု၊ စိတ်ဝင်စားဖွယ် ရိုးရာနှင့် ခေတ်ပေါ်ယဉ်ကျေးမှုများ ထို့အပြင် ဧည့်ဝတ်ပျူငှာသည့် စိတ်ဓါတ်လည်းရှိသည်။







ဂျပန်နိုင်ငံသည် နွေဦး၊ နွေ၊ ဆောင်းဦး၊ ဆောင်း လေးရာသီရှိသည့် ကျွန်းနိုင်ငံဖြစ်ပြီး သာယာလှပသည့်သဘာဝ တောတောင်ရေမြေ ရှိပါသည်။ ဂျပန်တွင် ကာတွန်း၊ ဖက်ရှင် စသည့် ခေတ်ပေါ်ယဉ်ကျေးမှုအပြင် ရိုးရာလက်ဖက်ရည် ဖျော်နည်းနှင့် ပန်းအလှစိုက်နည်း စသည့် ရိုးရာယဉ်ကျေးမှုများလည်း ရှိသည်။
ကမ္ဘာ့ဒြပ်မဲ့ ယဉ်ကျေးမှု အမွေအနှစ် တစ်ခုအဖြစ် သတ်မှတ်ထားသည့် "Washoku" ဂျပန်အစားအစာသည် ရာသီအစားအစာမျိုးစုံကို အသုံးပြုထားသည်။
အရောင်ခြယ်သလိုလှပပြီး ကျန်းမာရေးနှင့် ညီညွတ်သည့် ဂျပန်အစားအစာသည် ဂျပန်လူမျိုးများကို အသက်ရှည်စေသည့် အကြောင်းအရင်းတစ်ခု ဖြစ်သည်။ စည်းကမ်းကို လေးစားလိုက်နာသည့် ဂျပန်လူမျိုးများသည် ရိုးသားပြီး အလုပ်ကြိုးစားသည့်လူမျိုး ဖြစ်သည်။
ဒါ့အပြင် တစ်ဖက်လူအတွက် အမြဲစဉ်းစားပေးသည့် စေတနာရှိရှိ ဆက်ဆံတတ်သည့် စိတ်ရှိသောကြောင့် နိုင်ငံခြားကျောင်းသားများကိုလည်း နွေးထွေးစွာ လက်ခံကြိုဆို ပေးပါလိမ့်မည်။









- 377,971 စတုရန်းကီလိုမီတာ
- လူဦးရေ 126,985,000 ဦး
  ဖွန် ၁ ရက်၊ ၂၀၁၆ ခုနှစ်စာရင်းအရ။ ကိုးကား –
  လူဦးရေစာရင်း (ခန့်မှန်း)
  (ပြည်ထဲရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စာရင်းအင်းဌာနကြီး)
- GDP: ကမ္ဘာမှာ တတိယ အများဆုံး
  ၂၀၁၅ ခုနှစ်
  ကိုးကား – ဝန်ကြီးအဖွဲ့ရုံး
- ဂျပန်လူမျိုးနိဘဲလ်ဆုရှင်ဦးရေ – ၂၄ ဦး
  ကမ္ဘာ့သတ္တမအများဆုံး (အာရှတွင် အများဆုံး)
  ကိုးကား – ပညာရေး နှင့် သိပ္ပံဆိုင်ရာ စာရင်းများစာအုပ် (၂၀၁၆ခုနှစ်)






- Web Japan
  http://web-japan.org/
- DISCOVER the SPIRIT of JAPAN
  http://www.visitjapan.jp/en/
- Japan National Tourism Organization (JNTO)
  http://www.jnto.go.jp/

**Introduction on Japan**